# လှည့်ဖြားသောလမ်းများ

မြန်မာနိုင်ငံရှိ ကျေးရွာနှစ်ရွာတွင် လုပ်ဆောင်နေသော ဖွံ့ဖြိုးရေးစီမံကိန်းများ၏ အကျိုးသက်ရောက်မှုကို လေ့လာခြင်း





FORUM-ASIA

Karen Peace Support Network

KPSN

ဤအစီရင်ခံစာသည် ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် (KPSN) နှင့် Asian Forum for Human Rights and Development (FORUM–ASIA) အတူတကွပူးပေါင်းထုတ်ဝေထားခြင်းဖြစ်သည်။

မူပိုင်ခွင့် – Asian Forum for Human Rights and Development (FORUM–ASIA)၊ ၂၀၂၂ ခုနှစ်။

ဤအစီရင်ခံစာသည် လူ့အခွင့်အရေး ဦးဆောင်လှုပ်ရှားသူများနှင့် လူမှုအဖွဲ့အစည်းများအတွက် အထောက်အကူဖြစ်စေရန် ထုတ်ဝေခြင်းဖြစ်သောကြောင့် မူရင်းထုတ်ဝေသူများကို ဖော်ပြပြီး ကူးယူအသုံးပြုနိုင်ပါသည်။

www.forum-asia.org

/FORUMASIA

forum_asia

ForumAsiaVideo

forumasia.humanrights

Sign up to our newsletter here

**Bangkok Office**
S.P.D Building 3rd Floor, 79/2
Krungthonburi Road, Khlong Ton Sai,
Khlong San, Bangkok, 10600 Thailand
Tel: +66 (0)2 1082643-45
Fax: +66 (0)2 1082646

**Geneva Office**
Rue de Varembé 1, 2nd floor,
1202 Geneva, Switzerland
Tel: +41 (0)22 740 2947

**Jakarta Office**
c/o KontraS
Jalan Kramat 2 No. 7, Senen
Jakarta Pusat 10420, Indonesia
Tel/Fax: +62 (0)21 391 9006

**Kathmandu Office**
c/o INSEC
Syuchatar, Kalanki ,
Kathmandu, Nepal
Tel: +977 (0)1 521 8770

**Email:** info@forum-asia.org

# အသိအမှတ်ပြုကျေးဇူးတင်ခြင်း

**FORUM–ASIA** မှ ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် **(KPSN)** အား ကြီးမားသောစိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှန်ပြီး ဤသုတေသနကို ဖြစ်မြောက်အောင် ဖော်ဆောင်ခဲ့သည့်အတွက် ဦးစွာကျေးဇူးတင်ပါသည်။

**KPSN** နှင့် FORUM-ASIA တို့မှ ဤသုတေသနတွင် အချိန်နှင့်ခွန်အားများကိုပေးပြီး မိမိတို့ရှင်သန်မှုနှင့် အသက်မွေးဝမ်းကြောင်းမှုဆိုင်ရာမေးခွန်းများကို ဖြေဆိုပေးခဲ့သည့် အဖွဲ့အစည်းများနှင့် လူထုများအားလုံးကို လေးစားစွာ အသိမှတ်ပြုပါသည်။ ပူးပေါင်းပါဝင်ပေးခဲ့သော ဒေသခေါင်းဆောင်များနှင့် ကျေးရွာလူထုအားလုံးကိုလည်း များစွာကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့အား ယုံကြည်ပြီး ဤအစီရင်ခံတွင် ပူးပေါင်းပါဝင်ပေးခြင်းကို တန်ဖိုးထား အသိအမှတ်ပြုပါသည်။

ကျွန်ုပ်တို့မှ ဤအစီရင်ခံစာတွင် ပါဝင်သည့်အကြောင်းအရာများကို မြေပြင်တွင် အချက်အလက်များ စုဆောင်းပေးသည့် အချက်အလက်ရှာဖွေရေးမစ်ရှင် **(Fact–Finding Mission)** အဖွဲ့သားများကို ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ ၎င်းတို့၏ ကြိုးစားအားထုတ်ခဲ့သော သုတေသနကြောင့် ဤအစီရင်ခံစာ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဤသုတေသနကို ပြီးမြောက်အောင်မြင်အောင် ဘဏ္ဍာရေးထောက်ပံ့ပေးသည့် **Brot für die Welt** ကို ကျေးဇူးတင်ပါသည်။

FORUM-ASIA

**The Asian Forum for Human Rights and Development (FORUM–ASIA) သည် အာရှနိုင်ငံအများစု ပါဝင်သော နိုင်ငံပေါင်း ၃၂ နိုင်ငံမှ အဖွဲ့အစည်းပေါင်း ၈၅ ဖွဲ့ပါဝင်သည့် ကွန်ရက်တစ်ခုဖြစ်သည်။ FORUM–ASIA ကို ၁၉၉၁ ခုနှစ် တွင် ဖွဲ့စည်းခဲ့ပြီး လူ့အခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုများနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအစီအမံများ အားကောင်းစေ ရန် သုတေသနများ၊ စည်းရုံးလှုံ့ဆော်မှုများ၊ ဖွံ့ဖြိုးရေးအရည်အသွေးမြှင့်တင်ခြင်း (capacity development) နှင့် အတူတကွစုပေါင်းလှုပ်ရှားမှုများကို အာရှဒေသတွင်းအပြင် အခြားဒေသများတွင်လည်း လုပ်ဆောင်နေသည်။ ၎င်းသည် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (United Nations Economic and Social Council) နှင့် အတိုင်ပင်ခံခြင်း၊ အာဆီယံအစိုးရဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (ASEAN Intergovernmental Commission on Human Rights) အတိုင်ပင်ခံဆက်ဆံရေးများရှိသည်။ FORUM–ASIA ၏ ရုံးများသည် ဂျာကာတာ(Jakarta)၊ ဂျနီဗာ (Geneva) နှင့် ကတ်တမန်ဒူ (Kathmandu) တွင် အခြေစိုက်ထားပြီး ဘန်ကောက်မြို့တွင်လည်း ရုံးခွဲရှိသည်။**

Karen Peace Support Network

KPSN

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံရှိ အဖွဲ့အစည်းပေါင်း ၃၀ ပါဝင် သော အကြီးမားဆုံး ကရင်လူထုအခြေပြု လူမှုအဖွဲ့အစည်း ကွန်ရက်တစ်ခုဖြစ်သည်။ KPSN အဖွဲ့ဝင်များသည် လုံခြုံမှု ကင်းမဲ့သော ပဋိပက္ခသက်ရောက်မှုခံရသော လူထုများနှင့်လူမှုအသိုင်းအဝန်းများအတွက် ဆယ်စုနှစ်ပေါင်းများစွာ ပံ့ပိုး ကူညီပေးနေပါသည်။ KPSN သည် ဒေသခံကရင်တိုင်းရင်းသားများ၊  လူမှုအသိုင်းအဝန်းများကို လုပ်ပိုင်ခွင့်များမြှင့်တင် ပေးခြင်း၊ ပွင့်လင်းမြင်သာပြီး တာဝန်ယူမှုတာဝန်ခံမှု ရှိသောလူ့အဖွဲ့အစည်းနှင့် ဖွဲ့စည်းတည်ဆောက်မှုရှိစေရေးနှင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့မည့် တန်းတူညီမျှသော ငြိမ်းချမ်းရေးရရှိရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်းများ ဆောင်ရွက် သည်။




ကုမ္ပဏီသည် ချောင်းမှထုတ်ယူထားသော သဲကျောက်များဖြင့် အသုံးပြုထားပြီး ဒေသလူထုများ၏လုပ်အား နှင့် တည်ဆောက်ခဲ့သော ပေ ၆၀ အရှည်တံတား



# မိတ်ဆက်

ဤအစီရင်ခံစာသည် ကရင်ပြည်နယ်၊ ဒူးပလာယာခရိုင်ရှိ ကရင်ကျေးရွာ (၂) ရွာတွင် ရပ်ရွာလူထုမှဦးဆောင်သော သုတေသနကို အခြေခံပြီး တံတားနှင့် လမ်းဆောက်လုပ်ရေးအတွက် မော်လချောင်းအတွင်း သဲနှင့်ကျောက်စရစ် ထုတ်ယူခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဖော်ပြထားပါသည်။ ဒေသနေလူထုများကို စီမံကိန်းအချက်အလက်များအား အသိပေးခြင်း သို့မဟုတ် စီမံကိန်းနှင့်ပတ်သက်ပြီး ကြိုတင်သဘောထားရယူခြင်းများ မပြုလုပ်ခဲ့ပေ။

ဤလေ့လာမှုတွင် ကျွန်ုပ်တို့သည် ကွင်းဆင်းအချက်အလက် ကောက်ယူခြင်းနှင့် အွန်လိုင်းအချက်အလက် စုဆောင်းမှုကို ပြုလုပ်ခဲ့ပါသည်။ မူလ သုတေသနတွင် semi-structured interview နှင့် focus group ဆွေးနွေးမှုများ (FGDs) တို့ ပါဝင်ပါသည်။ စုစုပေါင်း ကျေးရွာလူထု (၁၂) ဦး (အမျိုးသား (၈) ဦးနှင့် အမျိုးသမီး (၄) ဦး)ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ဖြေဆိုသူများကို ရွေးချယ်ရာတွင် စီမံကိန်းနှင့်ထိခိုက်နစ်နာသူများအား ရွေးချယ်မေးမြန်းခဲ့ပါသည်။ အုပ်စုဖွဲ့ဆွေးနွေးခြင်းများကို ကျေးရွာ (A) တွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့မှ ဩဂုတ်လ (၃) ရက်နေ့အထိ ပြုလုပ်ခဲ့ပြီး လူဦးရေစုစုပေါင်း (၈၁) ဦး (အုပ်စု (၁၂) ခုခွဲ၍) ပါဝင်ခဲ့ပါသည်။ ရပ်ရွာသုတေသန ဦးဆောင်သူများသည် လေးရက်တာအတွင်း တစ်နေ့လျှင် အုပ်စု (၃) စု ဆွေးနွေးမှုပြုလုပ်ခဲ့ပါသည်။ အုပ်စုဖွဲ့ဆွေးနွေးခြင်း တစ်ခုစီတွင် ပါဝင်သူ (၆) ဦး သို့မဟုတ် (၇) ဦးရှိသည်။ ကျေးရွာ (B) တွင် ဩဂုတ်လ (၄) ရက်မှ ဩဂုတ် (၉) ရက်အထိ ပြုလုပ်ခဲ့ပြီး လူဦးရေ (၅၇) ဦး ပါဝင်ခဲ့သည်။ ငါးရက်တာကာလအတွင်း တစ်ရက်လျှင် အုပ်စုဖွဲ့ဆွေးနွေးခြင်း (၃) ခု လုပ်ဆောင်ခဲ့ပြီး တစ်ခုစီတွင် ပါဝင်သူ (၅) ဦးမှ (၆) ဦးအထိရှိသည်။ နောက်ဆုံးနေ့တွင် ယခင်ရက်များက ပါဝင်ခဲ့ကြသော ရှေ့မီနောက်မီလူကြီးများနှင့် ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့သည်။



သဲထုတ်လုပ်ခြင်း၏အကျိုးသက်ရောက်မှုသိရှိနိုင်ရန် ဒေသအခြေပြုမြေပုံရေးဆွဲခြင်း



# နောက်ခံသမိုင်းကြောင်း

ကျေးရွာ (A) နှင့် ကျေးရွာ (B) တို့သည် မြန်မာအစိုးရ၏ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသောဌာန)မှ လုပ်ဆောင်နေသည့် လမ်းမကြီးများ ဖောက်လုပ်ရေး စီမံကိန်း၏ လမ်းကြောင်းတွင် တည်ရှိသောကြောင့် သုတေသနတည်နေရာအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ စီမံကိန်းကို အကောင်အထည်ဖော်နေသည့် ကုမ္ပဏီ (၃) ခုဖြစ်သည့် The World ၊ Thuwana Myay ၊ နှင့် Myanmar Amazing Power Co. Ltd များသည် နယ်စပ်ဒေသတိုးတက်ရေးဝန်ကြီးဌာနနှင့် စီမံကိန်းလုပ်ဆောင်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် စာချုပ်ချုပ်ဆိုခဲ့သည်။ ကျေးရွာ (A) အထိလမ်းသည် တနင်္သာရီအဝေးပြေးလမ်းမကြီးနှင့် ဆက်သွယ်ထားပြီး ဤ (၆) မိုင်လမ်းပိုင်းအတွက် ကျေးရွာ(၂) ရွာမှထုတ်ယူသည့် ကျောက်စရစ်များကို အသုံးပြုလျက်ရှိသည်။ လမ်းလုပ်ငန်းစီမံကိန်းသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) အပြီးတွင် စတင်ခဲ့ပြီး ထိုအချိန်တွင် မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုများကို ဖွင့်လှစ်ပေးခဲ့ပြီး ပြည်တွင်း၊ ပြည်ပရှိ ရင်းနှီးမြှုပ်နှံသူများမှ “ဖွံ့ဖြိုးရေး စီမံကိန်းများ” ဝင်ရောက်တိုးပွားလာခဲ့သည်။ အဆိုပါစီမံကိန်းများသည် ဖွံ့ဖြိုးရေးအမည်ဖြင့် တိုင်းရင်းသားဒေသများတွင် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများကို အကျိုးအမြတ်ရရှိစေပြီး ဗဟိုအစိုးရ၏ ဩဇာလွှမ်းမိုးမှုကို တိုးချဲ့ရန်အတွက် ဆောင်ရွက်သည့် စီမံကိန်းများသာဖြစ်သည်။

သုတေသနပြုလုပ်သော ကျေးရွာများတွင် ထိုကုမ္ပဏီများသည် ချောင်းမှ ကျောက်စရစ်များကို တူးဖော်ပြီး ဘိလပ်မြေနှင့်ရောနှောကာ လမ်းဖောက်လုပ်ခြင်း နှင့် တံတားများ တည်ဆောက်ခြင်းအတွက် အသုံးပြုကြသည်။ ပေ (၆၀) တံတားနှင့် ပေ (၁၂၀) ရှည်သော တံတား (၂) စင်းကို ၂၀၁၆ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ရေကြီးမှုကြောင့် ပေ (၁၂၀) ရှည်သော တံတားကြီး၏ ထက်ဝက်ခန့် ပျက်စီးသွားခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် ဒေသနေပြည်သူများ၏ လုပ်အားဖြင့် (၉) လကျော်ကြာ ပြန်လည်တည်ဆောက်ခဲ့သည်။



ရပ်ရွာဒေသ



# မြစ်သဲကျောက်ထုတ် လုပ်ခြင်းနှင့် ဆိုးကျိုး သက်ရောက်မှုများ

သဲနှင့် ကျောက်စရစ်တူးဖော်ခြင်းသည် မော်လချောင်း၏ ရေစီးကြောင်းနှင့် ချောင်း၏အတိမ်အနက်ကို ပြောင်းလဲစေသည်ဟု ဤသုတေသနက တွေ့ရှိခဲ့သည်။ ရွာသားများ၏ လေ့လာတွေ့ရှိချက်အရ မြစ်၏ဂေဟစနစ်ကို ပျက်စီးစေသော ညစ်ညမ်းမှုများက မြစ်အတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများကို သိသိသာသာ လျော့ကျစေသည်ဟု သိရသည်။ အကျိုးဆက်အနေဖြင့် ရပ်ရွာအတွက် ဝင်ငွေနှင့် စားနပ်ရိက္ခာအရင်းအမြစ်ကို ဖယ်ရှားလိုက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသော စီးပွားရေးအခက်အခဲများကြောင့် ပိုမိုသိသာစေသည်။ မြစ်ရေစီးဆင်းမှု အပြောင်းအလဲကြောင့် လယ်ယာလုပ်ငန်းများကိုလည်း ထိခိုက်ခဲ့ပြီး ဒေသခံတောင်သူများက မြစ်အတွင်း ကျောက်စရစ်များ ဆက်လက်တူးဖော်ခြင်းကြောင့် ရေရှည်တွင် ဆိုးကျိုးဖြစ်လာမည်ကို စိုးရိမ်နေကြသည်။

ပေ (၁၂၀) တံတားအနီး ဧရိယာကို ယခင်က ကျေးရွာဆရာတော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ငါးထိန်းသိမ်းရာနေရာအဖြစ် သတ်မှတ်ခဲ့ကြသည်။ ဤသို့ ငါးမဖမ်းရနေရာသတ်မှတ်ခြင်းသည် ချောင်းအတွင်းရှိ ရေနေသတ္တဝါများကို ထိန်းသိမ်းနိုင်ရန်ဖြစ်ခြင်းကြောင့် ဒေသခံပြည်သူများအတွက် မြစ်ချောင်း၏ အကျိုးကျေးဇူးများ တည်တံ့စေမည်ဖြစ်သည်။ သို့သော်လည်း တံတားတည်ဆောက်စဉ်အတွင်း ဘိလပ်မြေအရည်များ ချောင်းထဲသို့ကျပြီး ငါးအချို့သေဆုံးခဲ့ရသည်။ ရေပေါ်မျှောနေသောငါးများကို ရွာသားများက ဆယ်ယူစားသုံးကြသေးသည်။ တံတားတည်ဆောက်နေစဉ် (၉) လအတွင်း ငါးအများအပြား သေဆုံးခဲ့ကြောင်း ရွာသားများထံမှ သိရသည်။ ကျောက်စရစ်ထုတ်ယူခြင်းသည် ရေညှိများ၊ ရေမှော်များ အပါအဝင် ဂေဟစနစ်ကို အနှောင့်အယှက်ဖြစ်စေသောကြောင့် ဤဧရိယာရှိ ရေနေသတ္တဝါများ သိသိသာသာနည်းပါးလာသည်ကို တွေ့ရသည်။



ချောင်းတစ်နေရာမှ ရေကစားနေသော ကလေးများ

ကျေးရွာ (A) မှ ရေလုပ်သားတစ်ဦး၏ အဆိုအရ

> "အရင်က ငါးမျှားထွက်တိုင်း ချောင်းထဲက ငါးတွေက ပေါင်လောက်နီးနီးလောက် အရွယ်အစားရှိတယ်။ အခုငါးကငါ့လက်ကောက်ဝတ်အရွယ်ပဲ ရှိတော့တယ်"

ကျောက်စရစ်များ ပိုမိုထုတ်ယူခြင်းသည် ရေရှည်တွင် မြစ်ကမ်းပါးနှင့် ရေဝေရေလဲဇရိယာများကို အဟာနိ့အတားဖြစ်စေနိုင်ပြီး မြစ်ကြောင်းရှိ လယ်မြေများ ထိခိုက်မှု ပိုမိုဆိုးရွားလာမည်ကို စိုးရိမ်ကြောင်း ရွာသားအချို့က ပြောသည်။ ရွာသားများ၏ အသက်မွေးဝမ်းကျောင်းမှု အထောက်အကူပြုရန်အတွက် ချောင်းအတွင်း ဖမ်းဆီးရမိသော ပိုလျှံသည့် ငါးများကို ရောင်းချလေ့ရှိပြီး ချောင်းအတွင်း ငါးများလျော့နည်းလာခြင်းသည် ရွာသားများ၏ ဝင်ငွေထိခိုက်စေသည်။ ထိုသို့ ရွာသားများ၏ ဝင်ငွေရရှိစေသော အရင်းအမြစ်များ ဆုံးရှုံးလာခြင်းကြောင့် နေ့စဉ်ဘဝစားဝတ်နေရေးအတွက် ပူပန်နေရပြီး ယခင်ကကဲ့သို့ အပိုဝင်ငွေရရှိရန် မဖြစ်နိုင်တော့ပေ။

"ကျွန်တော်က ဒီချောင်းကို နေ့စဉ်ဘဝအတွက် မှီခိုပြီး ရေခမ်းခြောက်သွားတာကို တစ်သက်လုံး တစ်ခါမှမတွေ့ဖူးဘူး၊ ဒါပေမယ့် ဒီနှစ်နွေရာသီမှာ ရေခမ်းခါနီးပဲ။ စိုးရိမ်တာတစ်ခုက ရေခမ်းသွားရင် သောက်သုံးရေ ဘယ်မှာခပ်မလဲ



မသိတော့ဘူး။”

တံတားကြီးကို ပထမအကြိမ် ဆောက်လုပ်ရန်အတွက် ရွာသားတွေက လုပ်ခမရသော လုပ်အားပေးအနေဖြင့် လုပ်ခဲ့ကြရသည်။ တံတားသည် အရည်အသွေးကောင်းမွန်အောင် မတည်ဆောက်ထားသောကြောင့် ရေကြီးမှုကြောင့် ၂၀၁၈ ခုနှစ်တွင် ပျက်စီးခဲ့သည်။ ရွာသားများအနေဖြင့် နောက်တစ်ကြိမ် ပြန်လည်တည်ဆောက်ခဲ့ရပြီး ယခုတစ်ကြိမ်တွင် လုပ်အားခအနည်းငယ်ဖြင့် လုပ်ဆောင်ခဲ့ရသော်လည်း အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများနှင့် လုပ်ခလစာ မမျှတမှုများမှာ ထင်ရှားပါသည်။ လမ်းဖောက်လုပ်ခြင်းသည်လည်း ထိုရပ်ရွာများကို ပဋိပက္ခကြား ပိုမိုထိခိုက်လွယ်သည့် အခြေအနေကို တွန်းပို့ရာ ရောက်သည်။ စစ်ကောင်စီသည် သမိုင်းကြောင်းအရ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၏ နယ်မြေများတွင် စစ်ရေးတိုးတက်မှုကို အထောက်အကူဖြစ်ရန်အတွက်သာဖြစ်ပြီး လက်ရှိကရင်ဒေသတွင် ဆောက်လုပ်အသုံးပြုနေသော လမ်းများသည်လည်း ထိုနည်းတူပင် ဖြစ်သည်။





# လူ့အခွင့်အရေးနှင့် လွတ်လပ်စွာ ကြိုတင် အသိပေး သဘောထား ရယူခြင်း

စီမံကိန်းရေးဆွဲစဉ်အတွင်း ဒေသခံရပ်ရွာလူထုများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်း မရှိခဲ့ပါ။ ကုမ္ပဏီများ၊ မြန်မာအစိုးရ သို့မဟုတ် KNU အစိုးရတို့က စီမံကိန်း၏ ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများနှင့် ဒေသနေပြည်သူများ၏ ဘဝ၊ အသက်မွေးဝမ်းကျောင်းမှုနှင့် နေ့စဉ်ဘဝလုံခြုံမှုတို့အတွက် မည်ကဲ့သို့ သက်ရောက်မှုများရှိမည်ကို ပြည်သူများအား လုံလောက်သော သတင်းအချက်အလက် ပေးခဲ့ခြင်းမရှိပေ။ စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင် သို့မဟုတ် လူမှုဘဝထိခိုက်မှု အကဲဖြတ်ခြင်းများ မပြုလုပ်ခဲ့ပါ။ ဤကဲ့သို့ တာဝန်ယူ၊ တာဝန်ခံမှုမရှိခြင်းသည် မြန်မာနိုင်ငံရှိ မရေမတွက်နိုင်သော အခြားအသေးစားနှင့် အကြီးစား ‘ဖွံ့ဖြိုးတိုးတက်ရေး’ ပရောဂျက်များတွင်လည်း တွေ့မြင်နေရသည်။ ၎င်းသည် ဒေသခံလူထုအား လူမှုအသိုင်းအဝိုင်းအတွက် ဒေသနှင့် ကိုက်ညီသော ဖွံ့ဖြိုးတိုးတက်မှုပုံစံကို ထုတ်ဖော်ရန်နှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များအတွင်း မကြာခဏ ချန်လှပ်ခံထားရသည်ကို ဖော်ပြနေပါသည်။

ဤစီမံကိန်းတွင် ဆုံးဖြတ်ချက်ချနိုင်ခွင့်နှင့် တာဝန်ယူ၊ တာဝန်ခံမှုလုပ်ငန်းစဉ်များ ကင်းမဲ့နေခြင်းသည် လူ့အခွင့်အရေး၊ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်များ ကင်းမဲ့ခြင်းကြောင့်ဖြစ်ကြောင်း ပေါ်လွင်နေပါသည်။ ဤကဲ့သို့ သဲတူးဖော်ခြင်းနှင့် ဆောက်လုပ်ရေးကဲ့သို့သော စီမံကိန်းများကို ကန့်ကွက်ရန်အတွက် စဉ်းစားရာတွင် နည်းလမ်းများ သို့မဟုတ် မူဘောင်များကို ဒေသနေပြည်သူများအတွက် ထည့်သွင်းစဉ်းစားလေ့မရှိကြောင်း တွေ့ရသည်။

စစ်အစိုးရက ဖိနှိပ်ချုပ်ချယ်ခြင်းကြောင့် ဆောက်လုပ်ရေးစီမံကိန်းများနှင့် သယံဇာတထုတ်ယူသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ဆန့်ကျင်ကန့်ကွက်ခငြ်းသည် ဒသေနပေညြ်သူများနှင့် လူမှုအဖွဲ့အစည်းများအတွက် အခက်အခဲများ ရှိနပေါသည်။ ထိုပငြ် ကုမ္ပဏီများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုယန္တရားများကို စနစ်တကျကိုင်တွယ်ဖြေရှင်းသင့်သော်လည်း လက်ရှိအခြေအနေတွင် ပြည်တွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများ၏ သက်ရောက်မှုများမှာလည်း အကန့်အသတ်ရှိနေပါသည်။



သဲကျောက်စတင်ထုတ်လုပ်ပြီးနောက် ရေပြင်ပြန့်၍တိမ်လာသည့်ချောင်း၏နေရာတစ်ချို့

# အကြံပြုချက်များ

အရပ်ဖက်အဖွဲ့ အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများသို့

– ပြည်သူလူထု၏ ရပိုင်ခွင့်များနှင့် FPIC ၏ အခြေခံမှုများကို သိရှိနားလည်မှု တိုးမြှင့်လာစေရန် ဒေသခံရပ်ရွာခေါင်းဆောင်များ၊ ရပ်ရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

– ဒေသန္တရအဆင့်တွင် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်လာစေရန် ဒေသခံလူငယ်များအား လေ့ကျင့်သင်ကြားပေးပြီး စွမ်းအားမြှင့်တင်ပေးရန်၊

– သုတေသနနှင့် စည်းရုံးလှုံ့ဆော်ခြင်း ကြိုးပမ်းမှုများမှတဆင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၏ လက်တွေ့ဖြစ်ရပ်များနှင့် ပြည်သူများနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများကို အလေးပေးဖော်ပြရန်။

သတ္တုတူးဖော်ရေးနှင့် ဆောက်လုပ်ရေး ကုမ္ပဏီများအနေဖြင့်

– ပြည့်စုံသော FPIC လုပ်ငန်းစဉ် မပြီးမချင်း သဲတူးဖော်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို ချက်ချင်းရပ်ထားရန်၊

– လုပ်ငန်းဆောင်ရွက်မှု၏ ဆိုးကျိုးများကို လျှော့ပါးသက်သာစေရန်အတွက် ပြည်သူများ၏ မကျေနပ်ချက်များကို နားလည်ရန်နှင့် ထင်မြင်ယူဆချက်များကို ထည့်သွင်းစဉ်းစားရန်အတွက် ကျေးရွာအဖွဲ့ဝင်များနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးရန်။

လူမှုအသိုင်းအဝိုင်းများသို့

– CSOs/NGO များမှ စည်းရုံးလှုံ့ဆော်မှုများနှင့် တောင်းဆိုမှုများကို ပံ့ပိုးခြင်းဖြင့် ထိခိုက်ခံစားရသော ပြည်သူများ၏ အသံကို မြှင့်တင်ရန်၊

– စစ်အစိုးရ၏တပ်ဖွဲ့များနှင့် ၎င်း၏ဌာနများ KNU နယ်မြေများအတွင်းသို့ ကျူးကျော်ဝင်ရောက်မှုနှင့် တရားဝင်ဖြစ်မှုများကို တွန်းလှန်ရန်။

KNU သို့

– လက်ရှိသဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ပြီး မြစ်များ၊ သစ်တောသယံဇာတများ၊ မျိုးသုဉ်းလုနီးပါးမျိုးစိတ်များကို ကာကွယ်စောင့်ရှောက်ရန်၊

– ကော်သူးလေ၏ သဘာဝအရင်းအမြစ်များမှ စီးပွားရေး အကျိုးအမြတ်များအတွက် အမြတ်ထုတ်ခြင်းကို အရေးယူဆောင်ရွက်ရန်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အလုပ်အဖွဲ့၊ နိုင်ငံဖြတ်ကျော် ကော်ပိုရေးရှင်းများနှင့် အခြားသောစီးပွားရေးလုပ်ငန်းရှင်များသို့–

– လူသားများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကိုနားလည်ရန်အတွက် ယခုစီမံကိန်းနှင့် ဒေသအနီးတွင်ရှိသော အလားတူ ဖွံ့ဖြိုးတိုးတက်ရေး ပရောဂျက်များအပေါ် လေ့လာအကဲဖြတ်မှုပြုလုပ်ရန်၊

– တာဝန်ရှိသောကုမ္ပဏီများနှင့် အာဏာပိုင်များအား တည်ဆဲဥပဒေများကို အကောင်အထည်ဖော်ရန်နှင့် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်မှု အခြေခံမှုများကို လိုက်နာစေရန်အတွက် တောင်းဆိုရန်။

This publicaton was made possible by
the generous support of Brot für die Welt.

The contents of this publicaton are the sole
responsibility of FORUM-ASIA and can in no way
be taken to refect the views of Brot für die Welt.

Brot
für die Welt



FORUM-ASIA

Karen Peace Support Network

KPSN